
ရွှေပဒေသာစာပေ

# ကြယ်စင်မှူးမေ

## အမုန်းနှင့်နှောင်ဖွဲ့ရစ်နွယ်သော



အချစ်
လုံးချင်းဝတ္ထုသစ်

သူ့ကို အရှင်လတ်လတ် ခေါင်းထဲထည့်ပြီး မြေမြှုပ်ထားကြပါလား။
ဘယ်သူလဲ။ ဘယ်သူကလဲ။ ကြောက်လန့်လွန်းသဖြင့်
လူက သေငယ်ဇောနှင့် ဇောချွေးတွေ တအားထွက်ပြီး
နှလုံးသားက လည်ဝသို့ ခုန်ထွက်လုလု။
**ပြည့်လက်ရုံး**

ကျွန်မတို့ ဘာသာ တောမှာ နေရတဲ့ ဘဝက အေးချမ်းတယ်။
ခုကျ နေ့ပဲသေရမလား။ ညပဲ သေရတော့မလား။
တထိတ်ထိတ်နဲ့ ။ လူဌားပြီး သတ်မှာ ကြောက်ရ၊
အောက်လမ်းနဲ့ တိုက်သတ်မလား ပူရနဲ့ ၊ တော်ပါပြီ
အစ်ကိုရယ် … ကျွန်မတို့ တောပြန်ပါရစေတော့။
**ကြာညို**

***

အခန်း (၁)

ပြည့်လက်ရုံး။

ပိန်းပိတ်အောင်မှောင်သော အမှောင်ထုကြီးထဲမှာ မြွေတစ်ကောင်လို တွားသွားနေရတာ အသက်ရှူလို့ ပင် မရတော့။ အဆုတ်တစ်ခုလုံးလည်း လေတစ်စက်မှ မရှိတော့ဘဲ ပူဖောင်း အပိန်အရှုံ့တစ်ခုလို ပြားချပ်နေပြီထင်ရဲ့ ။

အနံ့အသက်တွေကလည်း မကောင်း။ ပုပ်အဲ့အဲ့ ညှီစို့စို့။ ဒီကြားထဲ အေးစက်စိုစွတ်နေလိုက်တာကလည်း ရေခဲတိုက်ထဲ ရောက်နေသလို။

အလို ရှေ့မှာ မှောင်ထဲငုတ်တုတ်ကြီး ထိုင်နေတာ ယမမင်းပါလား။ ယမမင်းရဲ့ တိုင်းပြည်ကလည်း ပြိတ္တာတွေရဲ့ တိုင်းပြည်နှင့် နင်လား၊ ငါလား။

တံတားတွေကို သံချောင်းမထည့်ဘဲ ဝါးတွေထည့်ထားတာကြောင့် တံတားတွေလည်း ပုံပျက်၊ ပန်းပျက်။

ကတ္တရာလမ်းကျတော့လည်း ကတ္တရာအပြည့်မထည့်တာကြောင့် ကျောက်တွေက ထိုးထိုးထောင်ထောင်။

နေရာတကာ ဝန်ဆောင်ခတွေ များ နေတဲ့ ယမမင်းရဲ့ တိုင်းပြည်ထဲ အမှောင်အတိုင်းပဲ သူတိုးသွားနေတော့ ယမမင်းက ဒေါသတကြီး ရေရွတ်အော်ဆဲလို့ ။

ပြည့်လက်ရုံး လျှောက်သွားနေရင်း နောက်မှ တဝုန်းဝုန်း ပြေးလိုက်လာသည့် ယမမင်းနှင့် အဖွဲ့တော်သားတွေကြောင့် ကိုယ်လည်း အမှောင်ထုထဲမှာ အလဲလဲ အပြိုပြိုဖြစ်အောင် တွားသွားနေရင်း ပုစွန်လုံးတွင်းတစ်ခု တွေ့သဖြင့် အတင်းတိုးဝင်လိုက်ရာ ...

"အား"

အသက်ရှူလို့ မရတော့အောင် ဖြစ် လာပြီ။

ဟီရိုရှီးမားနဲ့ နဂါးစကီးကို အနုမြူဗုံးကြဲချတော့ မြို့ပရဝုဏ်တစ်ခုလုံး အောက်စီဂျင်မရှိတော့ဘဲ လူတွေမွန်းကျပ်သေဆုံးကုန်ကြသတဲ့ ။

ငယ်ငယ်တုန်းက အမှတ်တမဲ့ဖတ်ဖူးခဲ့တဲ့ "မွန်းမတည့်မီ (၂)မိနစ်" ဆိုတဲ့ စာအုပ်ပါးလေးကို သွားသတိရရင်း ပြည့်လက်ရုံး အသက်ရှူကျပ်လွန်းလို့ တွန့်လိမ်ကောက်ကွေး၊ ဇောချွေးတွေ ရွှဲနစ်လာ၏။

ဒါဟာ အိပ်မက်တော့ မဟုတ်တန်ရာ။ သူ တကယ်ခံစားနေရတာ။ ခြေတွေလက်တွေ လှုပ်ကြည့်တော့လည်း မရ။

ဘုရားရေ ... မျက်လုံးကို အတင်းအကျပ် ဖွင့်ကြည့်တော့လည်း မှောင်နှင့်မည်းမည်း။ သူ ဘာမှ မမြင်ရ။

သူ့ခြေနှင့်လက်ကို ကြိုးနှင့်တုပ်ထားသေးရဲ့ ...။

"အား"

သူ သေသေချာချာ စဉ်းစားတွေးဆကြည့်မှ သူဟာ အရှင်လတ်လတ် ခေါင်းထဲ ရောက်နေပါလား။

"အား"

အော်တော့လည်း အသံကမထွက်။ ခေါင်းထဲတင်မက မြေကျင်းထဲရောက်၊ မြေကြီးထဲရောက်နေသည့်အဖြစ်ကို သိလိုက်ရလျှင် ပြည့်လက်ရုံး သေလုမတတ် ထိတ်လန့် ကြောက်ရွံ့သွားမိသည် ။

ဒါကြောင့် မှောင်နေတာ။ ဒါကြောင့် အသက်ရှူလို့ မရတာ။ ခေါင်းကျဉ်းကျဉ်းလေးက မျက်နှာပေါ်မှာ တစ်ထွာလောက်လွတ်နေပုံ။

သူ့ကို အရှင်လတ်လတ် ခေါင်းထဲထည့်ပြီး မြေမြှုပ်ထားကြပါလား။ ဘယ်သူလဲ။ ဘယ်သူကလဲ။ ကိုယ့်အကြောင်းတောင် ကိုယ်ပြန်မစဉ်းစားအား။ ကြောက်လန့်လွန်းသဖြင့် လူက သေငယ်ဇောနှင့် ဇောချွေးတွေ တအားထွက်ပြီး နှလုံးသားက လည်ဝသို့ ခုန်ထွက်လုလု။ သွေးတွေလည်း ရွှဲ။ လိပ်ပြာလွင့်လုလု။

သူ ထိတ်ထိတ်လန့်လန့်နှင့်ပင် ခြေထောက်တွေ၊ ဒူးတွေကို ရသလောက် လှုပ်ရှား။ ခေါင်းနှင့်အခေါင်းကို တိုက်။ အခေါင်းထဲမှာ ငါးရှဉ့်တိုးသလို တဒုတ်ဒုတ်။ အသံကိုလည်း ရသလောက်အော်။ မြေကြီးထဲမှာမို့ အသံအပြင်ရောက်မရောက်တော့ သူမသိ။

သူ့မှာ တော့ အော်လိုက်ရတာ အသံနက်ကြီးနှင့်လား။ အသံပြာကြီးနှင့်လား။ မသိတော့ပါ။

"ကယ်ကြပါဗျို့ ... ကယ်ကြပါ"

"ဒုတ် ... ဒုတ် ... ဒုတ်"

"ကယ်ကြပါ ... ကယ်ကြပါ"

"ဒုတ် ... ဒုတ် ... ဒုတ်"

သူ့နားထဲမှာ ယမမင်းရဲ့ ရယ်သံတွေ။ တစ္ဆေသရဲတွေရဲ့ အော်သံတွေ
။

မြေကြီးထဲမှာ ၊ အခေါင်းထဲမှာ ၊ အမှောင်ထုထဲမှာ ပိန်းပိတ်အောင် မှောင်နေတာမို့ ကြောက်လန့်လွန်းလို့ ပြည့်လက်ရုံး သတိလစ်မေ့မြော သွားခဲ့ရပြန်သည် ။

***

# အခန်း (၂)

ဒေါနနှင့်ကြာညို။

မိဘမဲ့ မောင်နှမ (၂)ယောက်။

တောသူတောင်သားတွေဟာ သက်တမ်းစေ့အောင် မနေရဘူး။ သမုဒ္ဒရာဝမ်းတစ်ထွာအတွက် ဆန်တွင်းက နက်လွန်းလို့ သေလုအောင် ပင်ပန်းကြရရှာတာ။

အဖေက သစ်ခုတ်သမား။ လှဆွဲသမား။ စကားပုံလည်း ရှိရဲ့ ။ လှေထိုး၊ လှတိုက် ... လူမိုက်တဲ့ ။ ပင်ပန်းလွန်းလို့ ပြောတာဖြစ်မည်။

မောင်တစ်ထမ်း၊ မယ်တစ်ရွက်ဆိုသလို အမေကလည်း ကောက်စိုက် ၊ ပျိုးနှုတ်၊ ပဲကောက် အခစားအလုပ်ကို မနားတမ်း လုပ်ရပါသည် ။

ဒေါနနှင့်ကြာညိုဆိုသည့် သား၊ သမီးလေးတွေကိုတော့ ပညာတတ်အောင် ဖျစ်ညှစ်ပြီး ကျောင်းထားခဲ့ပါရဲ့ ။

ဒေါနက (၈)တန်း၊ ကြာညိုက (၆)တန်းနှစ်မှာ ပဲ တောတက်ပြီး လှဆွဲသွားသည့် အဖေက ငှက်ဖျားမိပြီး ငှက်ဖျားပိုးဦးနှောက်ထဲရောက်ခါ ကွယ်လွန်သွားရှာခဲ့သည် ။

ဒေါန ကျောင်းထွက်ပြီး အမေနှင့်အတူ ဒိုးတူပေါင်ဖက် အလုပ်လုပ်ရပြီ။ ညီမလေး ကြာညို (၉)တန်းနှစ်မှာ တော့ အမေလည်း အဖေ့နောက်

ကို လိုက်သွားခဲ့ပြီ။

ခွေးကိုက်တာကို ပေါ့ပေါ့ဆဆ နေမိလိုက်လို့ ခွေးရူးပြန်ပြီး သေဆုံးခဲ့ရတာ။

ရွာမှာ ပဲ တွဲဖက်အထက်တန်းကျောင်းရှိတာမို့ ညီမလေးကိုတော့ (၁၀)တန်းပြီးသည် အထိ ဒေါ်န ကျောင်းဆက်ထားခဲ့သည် ။

မောင်နှမ (၂)ယောက် ရွာစွန်က ခြံဝိုင်းလေးမှာ ပဲ စိုက်ပျိုးစားသည် ။ ကြက်ကလေး၊ ဝက်ကလေး မွေးသည် ။ နောက် အဖေနှင့်အမေထားခဲ့သည့် လှည်းလေး၊ နွားလေးနှင့် ထင်းခုတ်စားသည် ။ အငှားလိုက်သည် ။ သူတို့ နေတာကိုက ပဲခူးရိုးမရဲ့ အစွန်အဖျားကရွာ။

ဒီနေ့လည်း ရွာထဲမှ အရီးသင်းအိရဲ့ ပဲအိတ်တွေကို မြို့ပွဲရုံသို့ ပို့ပေးပြီး မောင်နှမနှစ်ယောက် လှည်းနှင့် ပြန်လာခဲ့ကြသည် ။ လှည်းလမ်းကတော့ ထုံးစံအတိုင်း သင်္ချိုင်းကုန်းထဲမှ ဖြတ်မောင်းရသည့်လမ်း။

မှောင်ရီတရောရှိပေမယ့် သွားနေကြနေရာတွေမို့ သူတို့ မောင်နှမ မကြောက်ပါ။ ကြာညို သူ့အစ်ကို ဒေါ်နသာပါလျှင် အဝီစိလည်း မကြောက်၊ ငရဲပြည်လည်း မကြောက်။

သူ့အစ်ကိုဟာ ငယ်ငယ်ကတည်းက အလုပ်ကြမ်းတွေ လုပ်ခဲ့ရသဖြင့် ဗလက ကျစ်ကျစ်လျစ်လျစ်၊ လူကလည်း အစားကြမ်း၊ အနေကြမ်းမို့ ထွားထွားကျိုင်းကျိုင်း။ အသက်က (၂၀)ပေမယ့် ယောကျ်ားရင့်မာကြီးဖြစ်နေပေပြီ။

မြို့သားတွေလို ပျော့ပျော့နွဲ့နွဲ့၊ နုနုဖတ်ဖတ် မဟုတ်။ လောကဓံကို ခံနိုင်ရည်ရှိပြီး မာလိုက်တာကလည်း သံချောင်းကပင် အဘခေါ်ရမည်။

နောက် နှမချောရဲ့ အစ်ကိုမို့ သွားလေရာမှာ ဥပဒေလွတ်သည့် လက်

နက်က ပါစမြဲ။ ပေါက်တူးတို့၊ ပေါက်ချွန်တို့ ဆိုတာ လယ်သမားသုံးပစ္စ ည်းတွေဖြစ်ပေမယ့် ရန်သူကို ခုခံကာကွယ်လို့ လည်း ရပါသည်။

နောက် နွားရိုက်သည့် ကြိမ်လုံးမျိုးက (၂)လုံး၊ တကယ်ကျ နွားရိုက်ဖို့ မဟုတ်ပါ။ ရန်သူတွေ့လျှင် ခုခံကာကွယ်ဖို့။

ခေါင်းကြီးကြီးနှင့် ကြိမ်လုံးဟာ ရန်သူ့ခေါင်းကိုတော့ ကွဲသွားစေမှာ မလွဲ။ အဖျားမှာ သံချွန်တပ်ထားပြီး အရင်းမှာ သံမူလီစွပ်ထားတာ အကြောင်းရှိသည်။

မောင်နှမ (၂)ယောက်ထဲ မိမဲ့၊ ဖမဲ့တွေဖြစ်ရသည့်ကြားထဲ နှမလေး က ချောတော့ သွေးတိုးစမ်းချင်သူ၊ လူရမ်းကားဆိုတာ ရှိစမြဲ။

ကိုယ့်ရွာထဲမှာ ပဲ လူကောင်းတွေ ရှိသလို၊ လူဆိုးဆိုတာတွေလည်း ရှိ တာပဲ။

လွန်ခဲ့သည့်နှစ်က နေ့တစ်နေ့မှာ ဒီလိုပဲ သူတို့ မောင်နှမ မြို့မှ လှည်း အငှားလိုက် ပြန်လာကြစဉ် လူပြတ်သည့် လှည်းလမ်းပေါ်သို့ ခပ်လှမ်း လှမ်းကိုင်းတောထဲမှ လူ(၃)ယောက် ပြေးထွက် လာပြီး တားကြသည်။ လက်ထဲမှာ ဓားတွေနှင့် ...

"ဟိတ် ... လှည်းရပ်စမ်း၊ ရပ်ဆို ရပ်စမ်း၊ နွားခြေထောက်တွေကို ဓားနဲ့ ခုတ်ပေ့ာ"

"မလုပ်နဲ့ "

မောင်ဖြစ်သူက ပေါက်ချွန်းကိုဆွဲပြီး လှည်းပေါ်မှ ပေါက်ချသလို နှမ ကလည်း ကြိမ်လုံးကို ဆွဲပြီး ကြိမ်လုံးခေါင်းဘက်မှ ရိုက်ချသည်။

"အား"

မထင်မှတ်သည့် မို့ လှည်းပေါ်မှ မောင်နှမ၏ လက်သံပြောင်မှုကို အောက်မှ (၃)ယောက် ခံစားလိုက်ကြရသည် ။

ပုဆိုးတွေနှင့် မျက်နှာကို စည်းထားကြသည် မို့ ဘယ်သူတွေမှန်း တော့ မသိရ။

(၃)ယောက်သား သွေးထွက်သံယိုတွေနှင့် ပြေးကုန်ကြပြီ နောက် ဘယ်သူမှ မစော်ကားရဲကြတော့ပါ။

အိမ်မှာ လည်း ခွေး(၃)ကောင် မွေးထားသည် ။ ခြံဝိုင်းကို လုံအောင် ကာထားသလို ဝါးအိမ်လေးကလည်း ခြေတံရှည်။ ခွေး(၃)ကောင်ကလည်း စွာလွန်းသဖြင့် သူတို့ မောင်နှမဆို ဘယ်သူမှ မစော်ကားရဲ။

သတိတော့ အမြဲရှိနေရသည် ။ ဒါကြောင့် ဘယ်သွားသွား ပေါက်ချွန်း၊ ပေါက်ပြားနှင့် သံခေါင်းတပ်ကြိမ်လုံးကတော့ ပါစမြဲ။

"အစ်ကို ဖြည်းဖြည်းမောင်းနော်"

"ဟဲ့ ... နင့်ဥစ္စာ အဆန်းပါလား၊ သင်္ချိုင်းကုန်းနားရောက်တော့မယ်လေ၊ မြန်မြန်မောင်းမှ ပေါ့"

" မဟုတ်ဘူး အစ်ကိုရဲ့ ၊ ညက ညီမလေး အိပ်မက် မက်တယ်၊ အိပ်မက်ထဲမှာ ဒီသင်္ချိုင်းကုန်းထဲက မင်းသားလေး ထွက်လာတယ်။ အဲဒါ ဟုတ်မဟုတ် ကြည့်မလို့ "

"အရူးမ မင်းသားတော့ တွေ့မှာ မဟုတ်ဘူး ၊ သရဲပဲတွေ့မယ်"

"တကယ်ပြောတာ အစ်ကိုရဲ့ ၊ ညီမလေးက အိပ်မက်ကို ယုံကြည်တယ်၊ မင်းသား တွေ့ကိုတွေ့မှာ ၊ အဲဒီမင်းသားကလေ မြေပုံထဲက ထွက်ကိုလာတာ၊ ညီမလေးတော့ မြေပုံတွေကို လျှောက်ကြည့်ဦးမယ်"

"အရှုးမထစမ်းပါနဲ့ ဟာ၊ စုန်းကားတွေ၊ မှော်ကားတွေ လျှောက်ကြည့်ပြီး ပေါက်ကရတွေ မက်တာနေမှာ ပါ"

"အစ်ကိုနော်၊ ညီမလေးပြောတာ မယုံရင် လှည်းပေါ်က ဆင်းကျန်ခဲ့မှာ ၊ တကယ်အိပ်မက် မက်ပါတယ်ဆို၊ မင်းသားက ဘောင်းဘီအနက်နဲ့ ရှပ်အကွက်အပြာအကောင်းစားလေးနဲ့ ခပ်ချောချောလေး"

"ကဲပါ ... ကဲပါ ... အရှုးမရယ်၊ နင့်သဘောအတိုင်း ဖြည်းဖြည်းပဲ မောင်းပေ့မယ်၊ လှည်းပေါ်ကတော့ မဆင်းပါနဲ့ "

တစ်ဦးတည်းသော ညီမလေးမို့ ဒေါနအလိုလိုက်ရသည် ။ သင်္ချိုင်းထဲလည်း လှည်းက ဝင်လာပါပြီ။ အင်းလေ ... လူသေတွေက လူတွေကို အန္တရာယ်မပေးပါဘူး။ လူရှင်တွေကသာ အန္တရာယ်ပေးတတ်ကြတာပါ။

"ဟိုတစ်နေ့က အမေရိကန်ကားထဲမှာ လေ မင်းသားကို မသေသေးဘဲ ခေါင်းထဲထည့်ပြီး ပိတ်ထားတာ အစ်ကိုရဲ့ ၊ မင်းသားလေး သနားပါတယ်။ နောက် သူ တဒုန်းဒုန်းနဲ့ ထုပြီး အသံပေးတော့မှ လူတွေသိပြီး ကယ်ထုတ်တာ၊ အခုလည်း အဲလိုဖြစ်ချင်ဖြစ်မှာ ပေါ့၊ လတ်လတ်ဆတ်ဆတ် မြေပုံထဲက မင်းသားထွက်လာတာ အစ်ကိုရဲ့ "

"အေးဟေ့ ... ကြည့် ... ကြည့်၊ တော်ကြာမှ ခေါင်းထဲက ပုပ်ပွနေတဲ့ လူသေကောင် ထွက်လာမှ နင့်ကိုအရှုးထောင်လိုက်ပို့နေရဦးမယ်၊ တော်ရုံ ရှုးပါ ကြာညို့ရယ်"

"ဟော ... ဟိုမှာ ... ဟိုမှာ ... မြေပုံအသစ်၊ အစ်ကို သေသေချာချာကြည့်၊ ညီမလေးတော့ အသံတစ်ခုခု ကြားရသလိုပဲ"

ဒေါနပါ ညီမကို မျက်စောင်းထိုးရင်း လှည်းရပ်ခါ နားစွင့်လိုက်တော့ တဒုတ်ဒုတ်အသံကို ကြားလိုက်ရသလို။

"ဟော ... ကြားလား အစ်ကို၊ အသံ ... အသံ မြေကြီးထဲက လာရလို့ မသဲကွဲတာ"

"မိကြာညိုရယ် ... ဟုတ်မှ လည်း လုပ်ပါ"

"အစ်ကို ယောက်ျား မဟုတ်ဘူး လား၊ တစ်ခါတလေမှာ စိတ်နယ်လွန်ဖြစ်ရပ်တွေရှိတယ်၊ အဆက်အစပ်တွေရှိတယ်၊ အစ်ကိုကြောက်ရင် ရပ်ကြည့်နေ၊ ညီမလေးတော့ ဒီမြေပုံကို ဖော်ကြည့်မယ်"

"လူတွေမြင်ရင် ငါတို့ ကို ပြဿနာရှာနေပါဦးမယ်ဟာ"

"မှောင်တော့မယ်၊ ဘယ်သူမှ မမြင်ဘူး၊ ကဲ ...လာပါ အစ်ကိုရယ်၊ မြေဖို့ ထားတာလည်း တော်ရို၊ လျော်ရိုပါ၊ အမူးသမားတွေ ဖြစ်သလို လုပ်သွားတာပါ၊ လာ ... မြန်မြန်ဖော်ရအောင်"

ဒေါနမှာ ညီမဖြစ်သူ စိတ်အားထက်သန်နေမှုကြောင့် မနေသာတော့ဘဲ ပေါက်တူးနှင့် ပေါက်ချွန်းကို ဆွဲချပြီး မြေပုံကို ဖော်နေရပါတော့သည် ။

***

# အခန်း (၃)

မြေပုံအသစ်ဟာ ခဏလေးပဲ ဖော်ရသည် ။ ခေါင်းတစ်လုံး ပေါ်လာခဲ့ပေပြီ။ ခေါင်းကတော့ ခပ်ညှံ့ညှံ့၊ အသားကြမ်းတွေကို ရိုက်ထားတာ ဖြစ်သည် ။

"ဖွင့်လေ အစ်ကို"

"ဘာသံမှ မကြားရဘူးဟ၊ အထဲမှာ လူသေဖြစ်ရမယ်"

"ဟာ အစ်ကိုကလည်း မြေပုံတောင် ဖော်ပြီးမှ ပဲ ခေါင်းကိုဖွင့်ပါဆိုမှ "

ဒေါ်န ညီမ၏ စကားအတိုင်း ခေါင်းအဖုံးကိုပေါက်ချွန်းဖြင့် ကော်ဖွင့်လိုက်သည့်အခါ ခြေ၊ လက်တွေ ကြိုးတုတ်ထားသည့် လူငယ်တစ်ယောက်။

"ဟော ... တွေ့လား၊ ညီမလေး အိပ်မက်ထဲကအတိုင်းပဲ၊ ဘောင်းဘီအနက်နဲ့ ရှပ်ကွက်အပြာ"

မကြောက်မရွံ့ပင် ကြာညို ခေါင်းထဲမှ လူကို လက်နှင့်လှမ်းထိလိုက်တော့ သူ့တစ်ကိုယ်လုံး အေးစက်လျက်၊ သို့သော် ညည်းညူသံတော့ ထွက်နေပါသည် ။

"အင်း ... အင်း ..."

"တွေ့လား အစ်ကို ... သူ မသေသေးဘူး၊ တစ်ယောက်ယောက်က မကောင်းကြံစည်တာ၊ ကြိုးတွေဖြည်ပေးလိုက်ပါ အစ်ကိုရယ် ... သနားပါတယ်၊ သူ အကြောက်လွန်ပြီး သတိလစ်နေတာ"

နောက်ဆုံး ကြာညို၏ ဆန္ဒအတိုင်း ဒေါနမှာ ထိုလူကို ကြိုးဖြည်ပြီး လှည်းပေါ် တင်ခေါ်လာခဲ့ရသည့်အဖြစ်။

ခေါင်းကိုလည်း ကျင်းထဲပြန်ထည့်၊ မြေဖို့ ရသေးသည် ။ တော်ကြာ အမှုပတ်မှာ စိုးလို့ ပါ။

***

အမှောင်ကြီးစိုးနေပြီမို့ သူ့ကိုခေါ်လာတာ ရွာထဲက ဘယ်သူမှ မသိလိုက်ကြ။ လှည်းပေါ်မှာ ပင် အေးစက်နေသည့် လူငယ်ကို ကြာညို ခြေဆုပ်လက်နယ်ပြုမိသည် ။ သွေးပူအောင် ပွတ်ပေးမိသည် ။

"အကြောက်လွန်ပြီး သတိပြန်လစ်သွားတာနေမှာ အစ်ကို၊ သူ့နေရာမှာ ဘယ်သူပဲဖြစ်ဖြစ် ဒီလိုမျိုး ကြုံရရင် သတိလစ်မှာ ပဲ၊ ညီမလေးသာဆို လန့်ပြီး အသက်တောင် ထွက်လောက်တယ်"

"ရာဇဝတ်မှုတွေ၊ ဘာတွေ ဖြစ်နေရင်တော့ ဒုက္ခပါပဲ၊ မိကြာညိုရယ်၊ ငါတို့ ဘာသာ အေးအေးနေရတဲ့ ဘဝကနေ ဘယ်လိုတွေ ကြုံလာဦးမယ် မသိဘူး"

"အသက်တစ်ချောင်း ကယ်ကောင်းပါတယ် အစ်ကိုရယ်၊ စေတနာ အကျိုးပေးပါလိမ့်မယ်"

"နင်ပဲ သိ၊ နင်ပဲ တတ်ပေ့ါလေ"

"ဩော် ... တကယ်ပါဆို၊ စိတ်ကောင်းကောင်း သာထားပါ အစ်ကိုရယ်"

လှည်းကို ခြံဝိုင်းထဲသို့ မောင်းသွင်းပြီး မောင်နှမ(၂)ယောက် မလှုပ်နိုင်သည့် ထိုလူကို အိမ်ပေါ်သို့ ခက်ခဲစွာ သယ်တင်ရသည် ။

နောက် ညစ်ပေနေသည့် သူ့အဝတ်များကိုလဲပေး၊ ရေနွေးဝတ်နှင့် တိုက်ပေးပြီး အိပ်ရာပေါ်မှာ နွေးနွေးထွေးထွေး သိပ်ထားလိုက်၏။

မောင်နှမ(၂)ယောက် လူနာနားမှာ ပဲ ထမင်းစားလိုက်ကြသည် ။ လူနာသတိရလာတာကို မသိလိုက်မှာ စိုးလို့ ပါ။ ဟင်းကလည်း အထွေအထူးမဟုတ်။ မန်ကျည်းသီးစိမ်း ငါးပိချက်။

စားသောက်ပြီးတော့ မောင်နှမ(၂)ယောက် လူနာနားမှာ ပဲ စကားစမြည် ပြောကြသည် ။

"သူ အရမ်းကြောက်မှာ ပဲနော်၊ သတိရလာတော့ ခေါင်းထဲရောက်၊ မြေမြှုပ်ခံနေရတဲ့ အဖြစ်ကြီး၊ ညီမလေးသာဆို ခေါင်းထဲတင် ချေးတွေ၊ သေးတွေပါပြီး တစ်ခါတည်း အသက်ထွက်လောက်တယ်"

"ယုံပါတယ် ... ဗန္ဓုလသွေးရယ်၊ ညီမလေးရဲ့ လူဆိုတာ အရေးကြုံရင် သက်လုံကောင်းရမယ်၊ ကိုယ့်လွတ်လမ်းကို ဒီလိုပဲ ရှာရ၊ ကြံရမှာ ပေ့ါ"

လေကြီး၊ လေကျယ်တွေ ပြောနေသည့် အစ်ကိုပိဋကတ်အိုးကွဲအား ကြာညို မျက်စောင်းထိုးလိုက်ပါသည် ။

"အပိုတွေ၊ ကဲ ... မြေကြီးထဲရောက်နေတဲ့ သူကို လူတွေက ဘယ်မှာ ဂရုစိုက်တော့မှာ လဲ၊ သေဖို့ က ရာနှုန်းပြည့်၊ သင်္ချိုင်းထဲကို လူသူကလ

ည်း အရောက်အပေါက်နည်း၊ မြေကြီးထဲက တဒုတ်ဒုတ်ကြားတော့လည်း လူတွေက ကြွက်တိုးသလား၊ ငါးရှဉ့်တိုးသလား ဆိုပြီး ဂရုစိုက်ကြမှာ လား။ ညီမလေးသာ ညက အိပ်မက်အရ အစ်ကို့ကို အတင်း အဖော်ခိုင်းရတာ"

ဒီတော့မှ ကိုယ်တော်ချောလည်း လျှောချရင်း ရယ်ကျဲကျဲနှင့်-

"အေးဟ ... ဒီနေရာကျတော့ နင်က သာသွားပြန်ရော၊ စုန်းကား၊ သရဲကားတွေကြည့်ပြီး အရူးထနေတယ် မှတ်တာ၊ ဒါပေမဲ့ ... ညီမလေးရယ် နောက် ... သင်္ချိုင်းကုန်းက ဖြတ်သွားတိုင်း ငါ့ကိုတော့ မြေပုံအသစ်တွေ မဖော်ခိုင်းပါနဲ့ ၊ တော်ကြာ သုဘရာဇာမောင်နှမဆိုပြီး ငါတို့ ကို ဘယ်သူမှ ဆေးဖော်ကြောဖက် မလုပ်ကြမှာ စိုးလို့ ပါ"

"သြော်... အဲဒီလိုတော့လည်း လုပ်ခိုင်းမလား အစ်ကိုရဲ့ ၊ ဒီတစ်ခါသာ အိပ်မက်အရ လုပ်ခိုင်းတာပါ"

"တိုက်ဆိုင်တာလား၊ ဆန်းကြယ်တာလား၊ ဒီလူ့နေရာမှာ ငါအတွေးနဲ့ တောင် ဝင်မကြည့်ရဲဘူးဟာ၊ သူ့နေရာမှာ ငါဆိုရင်လည်း သေမှာ ပါပဲ ၊ မြေကြီးထဲက အသံကို ဘယ်သူမှ အရေးစိုက်ကြမှာ မဟုတ်ဘူး လေ၊ ကိုယ့်ဘာသာ တိုးထွက်ရအောင်လည်း သူ့ခမျာ ခြေတွေ၊ လက်တွေ ကြိုးတုပ်ခံထားရတာ"

မောင်နှမ(၂)ယောက် ထိုကိုလူချောအစား ကြက်သီးတဖြန်းဖြန်း ထနေကြ၏။ ကြာညို ကိုလူချော၏ မျက်နှာကို တစိမ့်စိမ့် ငေးကြည့်နေမိသည် မှာ သနားကရုဏာသက်လွန်းလို့ ပါ။

အဘယ်သူတွေကများ သူ့ကို အရှင်လတ်လတ် မြေမြှုပ်ခဲ့ကြတာလဲ။

ဒါဟာ သွေးရိုးသားရိုး လုပ်ကြံမှုလား။ တစ်ခါတလေမှာ သေပြီမှတ်

လို့ မှားပြီးလည်း မြေမြှုပ်တတ်ကြပါတယ်။

သို့သော် သူ့အသွင်က မျှောနေသည့် လူမမာပုံလည်း မပေါက်ပါ။ ကြောက်ရွံ့ထိတ်လန့်လွန်းလို့ မျက်တွင်းတွေကျ၊ ပါးစပ်တွေခြောက်နေပေမယ့် ပုံစံက သန်သန်မာမာ။

သူ့နှုတ်ခမ်းလေးတွေကို ရေဆွတ်ပေး၊ သူ့ပါးစပ်ထဲကို ကြာညို ရေစက်တွေ ချပေးနေပါသည် ။ သူမဟာ ကြက်ခြေနီအဖွဲ့ဝင်တစ်ဦးမို့ ရှေးဦးသူနာပြုအလုပ်တွေ လုပ်တတ်ပါသည် ။ အခေါင်းထဲမှာ ရုန်းရ၊ ကန်ရလွန်းလို့ ပွန်းပဲ့၊ သွေးစို့နေသည့် ဒူးတွေ၊ ခြေလက်တွေနှင့် နဖူးတို့ ကိုလည်း အရက်ပျံနှင့် ပွတ်ပြီး ဆေးထည့်၊ ပလာစတာ ကပ်ပေးထားပြီးပြီ။

"တို့ မောင်နှမ တစ်လှည့်စီအိပ်မှ ဖြစ်မယ်၊ သူ နိုးလာရင် နှစ်သိမ့်ဖို့၊ လိုတာလုပ်ပေးဖို့ လိုတယ်၊ နွားနို့ပူပူလေးလည်း ဓာတ်ဘူးထဲ ထည့်ထားတယ် မဟုတ်လား၊ သူနိုးရင် တိုက်လိုက်"

"အင်းပါ ... အစ်ကို အရင်အိပ်လိုက်၊ အစ်ကိုက တစ်နေ့လုံး ပင်ပန်းနေတာ၊ ညီမလေး စောင့်မယ်"

"အေး ... နင်အိပ်ချင်တော့ ငါ့ကိုနှိုး၊ ငါ ခဏတော့ မှေးလိုက်မယ်"

"သူ ... အပတွေ ဘာတွေများ မှီလာသေးလား မသိဘူးနော်၊ ခုထိနိုးမလာသေးဘူး၊ အစ်ကို ... ဆေးမှူးခေါ်ရရင် ကောင်းမယ်ထင်တယ်၊ တော်ကြာ ... ညီမလေးတို့ ကြောင့် သေသွားပါဦးမယ်"

ကြာညို အရမ်းစိုးရိမ်နေမိတာကြောင့် ဒေါနကို အကြံပေးလျှင် ဒေါန ခေါင်းညိတ်လိုက်သည် ။ ဖြစ်နိုင်တာပဲ။ ဒီလောက်ဆို ဒီလူ နိုးသင့်ပြီ။

"နေဦး ... ငါ့ဆီမှာ ဆေးမှူးရဲ့ ဖုန်းနံပါတ် ရှိတယ်၊ လှမ်းပင့်လိုက်မယ်"

ဘယ်လောက်ပင် ဆင်းရဲဆင်းရဲ မြန်မာပြည်မှာ လည်း လူတန်းစား မရွေး ဖုန်းကိုင်နိုင်ပြီ မဟုတ်ပါလား။ ဟန်းဆက်အပေါစားလေးဖြစ်ဖြစ်၊ ဖုန်းဆက်လို့ ရရင် ပြီးတာပါပဲ။

"ဟဲလို ... ဆေးမှူးကြီးခင်ဗျာ ... ကျွန်တော်တို့ အိမ်မှာ ဧည့်သည် လူမမာရှိလို့ လာကြည့်ပေးစေချင်ပါတယ်၊ ဟုတ်ကဲ့ ... ညီမလေးတစ် ယောက်တည်းမို့ ကျွန်တော် ဖုန်းနဲ့ လှမ်းပင့်ရတာ ခွင့်လွှတ်ပါနော်၊ လူမ မာက အကြောက်လွန်ပြီး သတိလစ်နေတာပါ၊ ဟုတ်ကဲ့ ... ဟုတ်ကဲ့"

ဖုန်းဆက်ပြီးတော့ ဒေါ်န ညီမဖြစ်သူကို လှည့်ပြီး သတင်းပေးသည် ။

"သူ ... ခုပဲ လာခဲ့မယ် ... တဲ့ ၊ ဒါထက် ညီမလေး လူနာကို မြေကြီး ထဲက၊ ခေါင်းထဲက ခေါ်လာခဲ့တယ်ဆိုရင် ငါတို့ ကို အမှုပတ်နိုင်တယ်၊ ဒီ လိုပဲ လမ်းမှာ လဲနေလို့ ခေါ်လာတယ်လောက်ပဲ ပြောရအောင်"

"ဟုတ်တယ်နော်၊ အဲလိုပဲ ပြောကြမယ်၊ မြို့ကအပြန် သင်္ချိုင်းနားမှာ လဲနေလို့ ခေါ်လာတာလို့ ပဲ ပြောကြမယ်"

မောင်နှမ(၂)ယောက် တိုင်ပင်လိုက်ပြီးချိန်တွင် ပင် ခြံရှေ့သို့ ဆေးမှူး၏ ဆိုင်ကယ် ရောက်လာခဲ့သည် ။ ဆေးမှူးဟာ အသက်သုံးဆ ယ်ပင် မပြည့်သေးသည့် လူငယ်တစ်ယောက်ဖြစ်ပြီး စေတနာကောင်းသူ ၊ တက်ကြွသူပါ။

"ဒေါ်နရေ ... မင်းခွေးတွေရော၊ သေချာကြည့်ပါဦး၊ ငါခွေးကိုက် တော့ မခံချင်ဘူးနော်"

" လာပြီ ဆရာ ... ကျွန်တော် ကြည့်ပေးထားပါတယ်၊ အိမ်ပေါ်ကိုကြွ ပါ ဆရာ"

သူတို့ ရဲ့ ဝါးခြေတံရှည် အိမ်လေးဟာ ဆရာကြီးမင်းသုဝဏ်ရဲ့ လယ်

စောင့်တဲလေး ကဗျာထဲကလို ချစ်စရာ၊ ဆေးမှူးဦးမျိုးသူ အိမ်လေးရဲ့ ဝါးလှေကားလေးမှ မနည်းတက်ခဲ့ရတော့ ဒေါနက ဆေးအိတ်ဆီးယူသည် ။ လူမမာက ဘုရားခန်းလေးရဲ့ ရှေ့မှာ ပက်လက်အလျောသား။

သူတို့ ရဲ့ ဝါးအိမ်လေးဟာ သုံးပင်အိမ်လေးမို့ (၂)ခန်းပဲရှိပြီး နှမအပျို အတွက် အခန်းကာပေး၊ ကန့်လန့်ကာလေး ချထားပြီး ကျန်တာ ဟင်းလင်း။

မီးဖိုကိုလည်း မြင်ရသည် ။ စားပွဲခုံလေးနှင့် အပေါ်မှာ ပလတ်စတစ် အုပ်ဆောင်းလေး အုပ်ထားကာ၊ အိုးလေးတွေ စင်ပေါ်မှာ စီမှောက်ထားတာတွေပါ မြင်နေရပါသည် ။

"မင်းတို့ လူနာက ဘယ်ကရောက်လာတာလဲ၊ အသက်မှ ရှိသေးရဲ့လားကွာ၊ ဒီမောင်နှမကတော့ လုပ်ချလိုက်ပြန်ပြီဟေ့၊ ဒီလူမမာကို ဘယ်ကခေါ်လာကြတာလဲ၊ သင်္ချိုင်းထဲကလား"

ဦးမျိုးသူက အတတ်ဟောဆရာကြီးလို ပြောချလိုက်လျှင် မောင်နှမ(၂)ယောက်လုံး တုန်သွားကြပေမယ့် ကပျာကယာ ဟန်ဆောင်လိုက်ကြရသည် ။

"သင်္ချိုင်းနားမှာ လဲနေတာတွေ့လို့ သနားလို့ ခေါ်လာခဲ့တာပါ ဆရာ၊ သူ ခုထိ သတိမရသေးတာနဲ့ ဆရာ့ကို လှမ်းပင့်တာပါ ခင်ဗျာ"

ဆရာက သူတို့ မောင်နှမကို ကလေးလို သဘောထားပုံရသည် ။

"တော်ကြာ ... လူဆိုးတွေ၊ ဘာတွေဖြစ်နေလို့ မင်းတို့ ဒုက္ခရောက်နေဦးမယ်၊ ခေတ်ကြီးက လွယ်တာ မဟုတ်ဘူး ၊ ရုပ်ရည်သနားကမား ပေမယ့် မူးယစ်ဆေးကုန်ကူးတဲ့ လူတွေ၊ လူကုန်ကူးတဲ့ လူတွေ ဖြစ်နေရင် ဘယ့်နှယ့်လုပ်မလဲ"

"အသက်တစ်ချောင်း ကယ်ကောင်းပါတယ် ဆရာ"

ဦးမျိုးသူကလည်း ထိုင်ပြီး စကားများ နေတာ မဟုတ်ပါ။ လူနာကို စမ်းသပ်၊ စစ်ဆေး၊ နားကျပ်နှင့်ထောက်၊ သွေးပေါင်ချိန်တိုင်းနေရင်း ပြောနေခြင်းဖြစ်သည် ။

"လူနာက အကြောက်လွန်ပြီး ရှော့ခ်ရသွားတာ၊ နှလုံးခုန်နှုန်းလည်း အရမ်းနှေးနေတယ်၊ မင်းတို့ ခေါ်လာတာ မှန်ပါတယ်လေ၊ ပစ်သာထားခဲ့ရင် သူသေသွားနိုင်တယ်"

လိုအပ်သည့်ဆေးများကို ထိုးပေး၊ ဂလူးကို့စ်ချိတ်နှင့် ဦးမျိုးသူ လုပ်ကိုင်ပေး ပြုစုပေးနေသည် ကို ကြာညိုတို့ မောင်နှမ ကူညီရင်း ကြည့်နေရသည် ။

တစ်နာရီလောက်ကြာတော့ ဆရာ အိမ်ပြန်ဖို့ ပြင်သည် ။ ည (၁၀) နာရီလောက်လည်း ရှိပေပြီ။

"မနက်ဖြန်ကျရင် သူ့ကို ဆရာ့ဆေးခန်းပို့လိုက်၊ မင်းတို့ မောင်နှမ ဒုက္ခရောက်မှာ စိုးလို့ ပါ"

"သူ အားနည်းနေရင်တော့ ဆရာပဲ လာခဲ့ပါနော်"

"အေး ... အကျိုးအကြောင်း ဖုန်းဆက်လိုက်၊ ဆရာ ပြန်မယ်နော်၊ ဆရာကတော်က ကြောက်တတ်တယ်"

"ဟုတ်ကဲ့ပါ ဆရာ ... ကျေးဇူးအများကြီးတင်ပါတယ် ဆရာ"

"မင်းတို့ တောင် ကလေးတွေဖြစ်ပြီး အသက်တစ်ချောင်းကို ကယ်ခဲ့သေးတာပဲ၊ ဆရာက ပိုပြီး လုပ်ပေးရမှာ ပေ့ါ"

ဒေါ်န ဆရာ့ကို ခြံပေါက်ဝအထိ လိုက်ပို့လိုက်ပြီး လူနာနှင့် မလှမ်းမ

ကမ်းမှာ အိပ်ဖို့ ပြင်၏။

"ညီမလေး ... နင်လည်း အိပ်ချင်အိပ်ပါလား၊ မီးဖြုတ် လိုက်လေ၊ နင့်ဘက်ထရီအိုးက ကုန်သွားဦးမယ်"

သူတို့ အိမ်လေးဟာ အစိုးရထောက်ပံ့သည့် ဆိုလာပြားရထားသည်မို့ မီးအတွက် မပူရပါ။

"တစ်နေ့လုံး နေပူခဲ့တာပဲ အစ်ကိုရယ်၊ ထွန်းထားလိုက်မယ်၊ တော်ကြာ ... သူနိုးလာရင် မှောင်နေရင် မြေကြီးထဲမှာ မှတ်ပြီး လန့်အော်နေဦးမယ်"

"အေး ... ဒါဆိုလည်း ထွန်းထား၊ ငါတော့အိပ်ပြီ"

တစ်နေ့လုံး ပင်ပန်းခဲ့သူမို့ ခဏအတွင်းမှာ ပင် ဒေါန တရှူးရှူးနှင့် အိပ်ပျော်သွားလျှင် ကြာညို သူ့ကိုငေးကြည့်နေမိသည် ။

အသက်(၁၈)နှစ်ဆိုတာ ရွှေရင်သိမ်းသစ်အရွယ်မကပေမယ့် ကြာညိုဆိုတာ နုသစ်စအရွယ်။ ဘဝရဲ့ လောကဓံကို အစ်ကိုနှင့်အတူ ရင်ဆိုင်ခဲ့ရလို့ ဘဝရင့်ကျက်ခဲ့ပေမယ့် နှလုံးသားကတော့ အသစ်စက်စက်။

ညက အိပ်မက်ထဲမှာ ကတည်းက ထူးဆန်းလွန်းသည့် အိပ်မက်ကြောင့် ရင်ဘတ်တစ်ခုလုံး ပွင့်ထွက်မတတ် ခံစားခဲ့ရသည့်ကြားထဲ ...

ယခု ညနေ နေဝင်ဖျိုးဖျမှာ တကယ်ပဲ အိပ်မက်ထဲကအတိုင်း ဖြစ်လာတော့ သူဟာ တကယ့်ကိုလူချော။ မင်းသားတစ်ယောက်လိုပါပဲ။

ကြာညိုဟာ တောသူတစ်ယောက်မို့ ဒီလောက် သားသားနားနားလူကို မမြင်ဖူးခဲ့တာလည်း အမှန်။

ကြည့်ပါဦး ... အသားအရေ ဖြူစင်ဝင်းပပုံနှင့် မျက်ခုံး၊ မျက်တောင်၊ နှာတံတွေ၊ နှုတ်ခမ်းကလည်း လောလောဆယ် ပြာနေပေမယ့် လှမယ့်ပုံ ၊ မျက်နှာကျကလည်း အဆင်ပြေပြေ။

ဘယ်လိုလူတွေကများ ဒီအစ်ကို့ကို အရှင်လတ်လတ် ကြိုးတုပ်ပြီး ခေါင်းထဲ ထည့်မြှုပ်လိုက်ကြပါလိမ့်၊ ရက်စက်လိုက်ကြတာ။ ဖက်ဆစ် နာဇီဆိုတာတွေထက်တောင် ရက်စက်သည် ။ စစ်သွေးကြွတွေတောင် ဒီ လိုလုပ်မှာ မဟုတ်။

သူ့မှာ ဆွဲကြိုးနှင့်လက်စွပ် ဝတ်ထားတာမို့ ပစ္စည်းယူချင်တာလည်း မဟုတ်တန်ရာ။ လက်စွပ်က တဖျပ်ဖျပ်လက်နေတာမို့ စိန်ဆိုတာ ဖြစ်မ ည်။

လူမမာကိုကြည့်ရင်း ကြာညိုတွေးတောနေဆဲ။ ရွာထိပ်ဘက်မှ ခွေး အူသံတွေ ကြားရသဖြင့် ကြက်သီးတဖြန်းဖြန်း ထမိသည် ။ အလို ... အိ မ်ကခွေးတွေကပါ လိုက်အူလို့ ။

ဘုရား ... ဘုရား ... ဒီအစ်ကို့နောက်များ သင်္ချိုင်းက သရဲတစ္ဆေတွေ လိုက်လာသလား။

ကြာညို ဘုရားခန်းမှ ဘုရားဆင်းတုတော်လေးကို လက်အုပ်ချီမိုး ရှိ ခိုးပူဇော်ရင်း လူမမာနားသွားကာ ပဋ္ဌာန်းရွတ်ပါတော့သည် ။ အလွတ်မ ရပေမယ့် စာအုပ်ကိုကြည့်ပြီး ရွတ်ဖတ်သရဇ္ဈာယ်ပါသည် ။

နောက် သူ့ဖုန်းထဲမှာ ထည့်ထားသည့် ပရိတ်တော်တွေကို ဖွင့်လိုက် သည် ။ တဲလေးပေါ်မှာ ပရိတ်ရွတ်သံနှင့် ပဋ္ဌာန်းရွတ်သံက လွှမ်းခြုံနေ ၏။ ဒီတော့မှ မကြာမီ ခွေးဟောင်သံတွေ၊ ခွေးအူသံတွေလည်း ရပ်သွား ပါလေ၏။

ကြာညို့လည်း တစ်နေ့လုံးပင်ပန်းထားသည့်အပြင် အရွယ်ကလည်း အအိပ်မက်သည့် အရွယ်မို့ ညသန်းခေါင်ကျော်သည် နှင့် ထိုင်စောင့်ပေးနေရင်းမှ ဘယ်လို အိပ်ပျော်သွားမှန်းပင် မသိတော့ပါချေ။

***

# အခန်း (၄)

ပြည့်လက်ရုံး အိပ်မက်ဆိုးတွေမက်နေပြီး မကောင်းဆိုးဝါးတွေနှင့် လွတ်အောင် ပြေးလွှားနေခဲ့ရပါသည် ။ တစ်ညလုံး ချောင်းတွေဖြတ်၊ မြစ်တွေကူး၊ ပင်လယ်ထဲမှာ မြုပ်ချည်၊ ပေါ်ချည်ဖြစ်ပြီး ခြေကုန်လက်ပန်းကျတော့မှ သူ မောပန်းစွာ သတိရလာခဲ့သည် ။

"အား"

သတိရလာသည် နှင့် သူ ပထမဦးဆုံး ခံစားလိုက်ရသည် က အကြောက်တရား။

သူ့ကို ခေါင်းထဲထည့်ပြီး မြေမြှုပ်ကြတယ်။ ခြေတွေလက်တွေ ကြိုးတုပ်ထားကြတယ်။ ကယ်ကြပါဦး၊ သူ သေနေပြီလား။ ဘယ်ဘဝကို ရောက်နေပြီလဲ။

ခြေတွေ လက်တွေကလည်း လှုပ်လို့ မရ။ လေဖြတ်ခံထားရသလို လေးလေးလံလံ။ သူလှုပ်နိုင်တာ ပါးစပ်ပါပဲ။

ဒီတစ်ခါလောက် ကြောက်လန့်စိုးရွံ့မိတာ နှိုင်းပြစရာကို မရှိတော့။ လူဆိုတာ သေဘေးနှင့် ကြုံရလျှင် သေလုမတတ် စိုးရွံ့ထိတ်လန့်ရမြဲ။

"အား ... ကယ်တော်မူကြပါ"

ရင်ထဲက တအားအော်ပေမယ့် အသံကထွက်မလာတော့။ အကြော

က်လွန်ပြီး ရှော့ခ်ရသွားတာပဲ ဖြစ်မည်။ အသံလည်း မထွက်၊ လူကလည်း လှုပ်မရ။ ဧကန္တ သူသေပြီးလို့ တစ္ဆေဖြစ်နေတာပဲ ဖြစ်ရမည်။

သူ့တစ်ကိုယ်လုံး လှုပ်လို့ ရသလောက် လှုပ်ကြည့်လိုက်တော့ ဝါးအိမ်လေးက ကျိုးကျိုးကျွီကျွီမြည်သွား၏။

ဒေါနရော၊ ကြာညိုပါ မောင်နှမ(၂)ယောက်လုံး လူးလဲထလိုက်ကြပြီး လူနာနားသို့ ကပ်သွားလိုက်ကြသည် ။

"အစ်ကိုကြီး ... မကြောက်နဲ့ တော့နော်၊ မြေကြီးထဲမှာ မဟုတ်တော့ဘူး၊ အပြင်ရောက် လာပြီ"

"ကျွန်မတို့ ရှိတယ်၊ မကြောက်နဲ့ တော့နော်၊ အစ်ကိုကြီးကို ဆေးလည်း ကုပေးထားတယ်"

သူ့ဘေးတစ်ဖက်တစ်ချက်ကို ရောက် လာပြီး သူ့လက်များကို တင်းကျပ်စွာ ဆုပ်ကိုင်အားပေးကြသဖြင့် ပြည့်လက်ရုံး မျက်လုံးကြီးအပြူးသားဖြင့် ကြောက်လန့်တကြား ကြည့်မိသည် ။

မောင်နှမ(၂)ယောက်၊ အဲဒါ တစ္ဆေမောင်နှမလား၊ အိမ်ကလည်း တစ္ဆေအိမ်လား။ မီးရောင်ကလည်း ခပ်မှိန်မှိန်။

သူကတော့ လောလောဆယ်အသံမထွက်။ စကားပြောလို့ မရ။ မျက်လုံးကြီး တလည်လည်နှင့်သာ ကြောက်ရွံ့ထိတ်လန့်နေလျှင် ဒေါနနှင့်ကြာညို သူ့ခံစားချက်ကို ခံစား၊ နားလည်မိပါသည် ။ ဒီတော့ သေချာရှင်းပြရပါ၏။

"အစ်ကိုရောက်နေတာ တောင်ငူမြို့နယ်ထဲက ဝါးနက်ချောင်းရွာ။ ကျွန်တော့်နာမည်က ဒေါန။ ညီမလေးက ကြာညို။ ဘာမှ မစိုးရိမ်နဲ့ တော့နော်၊ အစ်ကို စိတ်ချလက်ချနေပါ၊ ကျွန်တော်တို့

မောင်နှမအနားမှာ ရှိတယ်၊ ညီမလေး သူ့ကို နွားနို့တိုက်ရအောင်၊ သူ ဆာနေမှာ ပေါ့"

"ဟုတ်ကဲ့ အစ်ကို"

ဒေါ်နက သူ့ကို ကြင်နာစွာ ပွေ့ထူပေးပြီး ကြာညိုက ခါတ်ဗူးထဲမှ နွားနို့ပူပူလေးကိုမှုတ်ပြီး တိုက်သည် ။ သူ့ရင်ထဲ နွေးသွားပြီး စိုးရွံ့မှုတွေ လျော့ပါးရ၏။

ရိုးသားဖြောင့်မတ်ပုံရသည့် မောင်နှမ၏ ပုံသဏ္ဍာန်က အားကိုးချင်စဖွယ်။ မောင်ကလည်း ထွားထွားကျိုင်းကျိုင်း၊ ညီမကလည်း မြင့်မြင့်သွယ်သွယ်။

ဆေးရှိန်တွေကြောင့်လား၊ ဗိုက်ထဲက အစာဝင်သွားလို့ လားမသိ။ သူ ထပ်မံ အိပ်ပျော်သွားခဲ့ပြန်ပါသည် ။

***

ဒီတစ်ခါ သူ နိုးလာတော့ နေအလင်းရောင်က စူးစူးရဲရဲ၊ သူ့ဘေးမှာ ညကတွေ့ရသည့် မောင်နှမအပြင် ဆေးဆရာပါ ရောက်နေ၏။

"အကြောက်လွန်ပြီး ရှော့ခ်ရသွားတာ။ ဆေးထိုးပေးထားတယ်။ တစ်ရက်၊ နှစ်ရက်ကြာရင် ပုံမှန်ပြန်ဖြစ်တန်ကောင်းပါရဲ့ ။ ဒီမှာ ညီလေး ... ဒီအိမ်မှာ က ကလေးမောင်နှမ(၂)ယောက်တည်း ရှိတာ။ အစ်ကို့အိမ် လိုက်ခဲ့။ ဆေးခန်းက ရွာလယ်မှာ ရှိတယ်၊ ဆေးလည်း နီးတာပေါ့ကွာ"

ဆေးမှူးက ပြောတော့ ပြည့်လက်ရုံး ခေါင်းခါမိသည် ။ သူယုံကြည်

တာ ဒီမောင်နှမ။ သူ့အသက်ကို ကယ်ခဲ့တာလည်း ဒီမောင်နှမ။

ပြည့်လက်ရုံး လှုပ်လို့ မရ၊ စကားပြောလို့ မရသေးပေမယ့် ဦးနှောက်ကတော့ ပုံမှန်ဖြစ်လာပေပြီ။

နေ့အလင်းရောင်အောက်မှာ လူကောင်း၊ သူကောင်းတွေနှင့် တွေ့ဆုံရပြီမို့ သူ့အကြောက်တရားတွေ တဖြည်းဖြည်း လျော့ပါးလာတာ ဖြစ်ရမည်။

"ကြောက် ... တယ် ..."

ဆွံ့အစွာနှင့်ထွက်လာသည့် စကားက (၂)လုံးထဲ၊ ဒေါနနှင့် ဦးမျိုးသူအားပေးရသည် မှာ ပျာပျာသလဲ။

"ဘာမှ မကြောက်နဲ့ တော့ ညီလေး၊ ဒါ ... သူတော်ကောင်းတွေနေတဲ့ ရွာ။ ဒေါနရေ ... သူအားရှိအောင် ဘကြီးမိုးနဲ့ ဦးလေးမောင်ကိုပါ အစောင့်ခေါ်ထားရအောင်ကွာ၊ သူ့ခမျာ ဘယ်လိုတွေ ဖြစ်ပျက်လာခဲ့တယ်မှ မသိတာ"

"ကောင်းသားပဲ ဆရာ၊ အစ်ကို ... ကျွန်တော် ရွာကလူကြီး(၂)ယောက် သွားခေါ်ပေးမယ်နော်၊ လူများများ စောင့်ပေးတော့ အစ်ကို အားရှိအောင်ပါ"

သူ ခေါင်းညိတ်ပြပြီး ကြာညိုကို ကြည့်သည် ။

"ဆာ ... တယ်"

"အို ... ဟုတ်တာပေ့ါ၊ ကြာညို နွားနို့တိုက်မယ်နော်၊ ဆရာ ထမင်းရော ကျွေးလို့ ရပြီလား"

"သူ စားနိုင်ရင် ကျွေးလို့ ရပါတယ်၊ ဘာဟင်းရှိလဲ၊ လူမမာစာဆို

တော့ ဟင်းကောင်းမှ နော်"

"ကြက်တစ်ကောင်လုပ်ထားပါတယ် ဆရာရဲ့ ၊ တစ်ခြမ်းကိုချက်ပြီး တစ်ခြမ်းကို ပြုတ်ကြော် လုပ်ပေးထားတယ်"

"အေး ... ကောင်းတယ်၊ အသီးအရွက်လည်း ကျွေး၊ သူ့ကြည့်ရတာ အားနည်းနေသလိုပဲ"

"ဟုတ်ကဲ့ပါ ဆရာ"

ကြာညို ထမင်းပွဲပြင်ပေးနေဆဲ ... ဒေါ်န လူကြီးနှစ်ယောက်နှင့်အတူ ပြန်လာပါ၏။ ဘကြီးမိုးနှင့်ဦးလေးမောင်မှာ အသက်(၆၀)ကျော်အရွယ်တွေ။ ရွာရဲ့ သာရေး၊ နာရေးဟူသမျှ ဒီလိုပဲ မားမားမတ်မတ်ရပ်ကြသူတွေ။

လောလောဆယ် ပြည့်လက်ရုံး ချည့်နဲ့ နေတာမို့ ကြာညိုပင် ထမင်းခွံ့ပေးရသည် ။ လူနာက ...

"အား ... နာ ... တယ်"

"ဩော် ... ရပါတယ်ရှင်၊ မကျန်းမာလို့ ပြုစုရတာပဲ၊ အားမနာပါနဲ့ "

တောသူ၊ တောင်သားတို့ ၏ ကူညီဖေးမမှုမှာ ပြည့်လက်ရုံး ခိုနားနေရသည့်အဖြစ်။

***

# အခန်း (၅)

(၂)ပတ်မျှကြာသည့်အခါ ပြည့်လက်ရုံး ကောင်းစွာ သန်မာအားပြည့်လာပေပြီ။

ထို့အတူ ... သူ့အပေါ်မှာ ဘာမျှော်လင့်ချက်မှ မပါဘဲ ဖြူစင်ရိုးသားစွာ ပြုစုစောင့်ရှောက်ခဲ့ကြသည့် မိဘမဲ့မောင်နှမဟာလည်း သူ့ဘဝအတွက် အရေးကြီးသော အခန်းကဏ္ဍ။

ပြည့်လက်ရုံး ကိုယ့်အဖြစ်ကိုယ် ပြန်ကြည့်လိုက်တော့ ကြက်သီးတဖြန်းဖြန်း ထရသည် ။ ဒါဟာ ဧရာမလုပ်ကြံမှုကြီးတစ်ရပ်ပါပဲ။

သို့သော် ဒါဘယ်သူ့လက်ချက်လဲလို့ သူ မှန်းဆလို့ မရ။ သူ့မှာ အစ်မလင်မယား၊ ဦးလေးတို့ နှင့် အတူနေရတာ ဖြစ်သည် ။

တစ်နေ့ထုံးစံအတိုင်း အိပ်ရာဝင်ခဲ့ပြီး သူ နိုးလာသည့်အခါမှာ တော့ ခေါင်းထဲရောက်၊ မြေကြီးထဲ ရောက်နေခဲ့သည် ။ လက်တွေ၊ ခြေတွေပါ ကြိုးတုပ်ထားခဲ့သေးသည် ဆိုတော့ ရက်စက်မှုက ကမ်းကုန်သည် ။

လက်၊ ခြေတွေ ကြိုးတုပ်မထားတောင် မြေကြီးထဲ၊ အခေါင်းထဲမှ ဘယ်လိုထွက်မှာ လဲ။ ယခုတော့ သူ့ကိုလုပ်ကြံသူတွေက အစိုးရိမ်တွေကြီးပြီး ကြိုးနှင့်တုပ်ထားလိုက်သေး၏။

ဘယ်သူလဲ၊ ဘယ်သူက လုပ်ကြံခဲ့တာလဲ။ အစ်မလင်မယားလား။ ဦး

လေးလား။ ဒါမှ မဟုတ် ပေါင်းပြီး လုပ်ကြကြတာလား။

အလုပ်ထဲက သူ့လက်ထောက်ကလည်း သူနှင့် ပြဿနာ အကြီးအကျယ်တက်ထားသေး၏။ အဲဒီကောင်ကိုလည်း ထည့်တွက်ရမလို။ သို့သော် ကိုယ့်အိမ်ထဲမှာ ပဲ ဖြစ်သွားတာမို့ အပြင်လူမဖြစ်နိုင်။

သူ ကိုယ့်အိမ်ကို ပြန်သွားသင့်သလား။ ရန်ကုန်မြို့ အင်းယားလမ်းသွယ်ထဲမှ ကိုယ့်အိမ်နှင့်ခြံကို သူ မြင်ယောင်လိုက်မိတော့ ရင်ထဲမှာ မချို။

လွန်ခဲ့သည့် (၃)နှစ်ကာလအထိ မိဘများ နှင့်အတူ ပျော်ရွှင်စွာနေခဲ့ရသည့်အဖြစ်။

သူလည်း ကြာညိုတို့ မောင်နှမလိုပါပဲ။ မိဘမဲ့။ သို့ပေမယ့် သူကတော့ မိမွေ၊ ဖမွေနှင့်။ အရွယ်ရောက်နေပြီ။ သူ့အသက် (၂၇)နှစ်ဆိုတာ လောကထဲမှာ တင့်တောင်းတင့်တယ်အရွယ်။

သူ့လုပ်ငန်းက ကားပစ္စည်း၊ ဆိုင်ကယ်ပစ္စည်းအရောင်းဆိုင်။ နောက် ... သူက အင်ဂျင်နီယာကျောင်းဆင်းပီပီ ဝပ်ရှော့တစ်ခုလည်း ဦးစီးပြီး ထောင်ထားသေး၏။

မိဘလက်ထဲမှာ ကလေးတစ်ယောက်လို အပူအပင်ကင်းစွာ နေခဲ့ရပေမယ့် မိဘများ အက်ဆီးဒင့်နှင့် ရုတ်တရက် ဆုံးပါးသွားကြသည့်အခါမှာ တော့ ပြည့်လက်ရုံး စီးပွားရေးကို ဇောက်ချလုပ်ကိုင်ရပါသည် ။

မိဘများ ထားခဲ့သည့် ပစ္စည်းအရောင်းဆိုင်ကို ဦးစီး။ နေရာကောင်းရှိသည် မို့ ဝပ်ရှော့ပါတွဲပြီး ထောင်လိုက်သည့်အခါ အကျိုးပေးလို့ လား။ သူကပဲ စေတနာကောင်းလို့ လားမသိ။ စီးပွားရေးက တစ်ဟု န်ထိုး ဦးမော့လာခဲ့သည် ။

စိတ်ပျက်စရာဆိုလို့ အစ်မက သူ့ဝပ်ရှော့မှာ သူ့လက်ထောက်နှင့် လ

က်ထပ်သွားတာပဲ ရှိသည် ။ ဒါလည်း ခမ္မတာပဲလေဆိုပြီး သူခွင့်လွှတ်လိုက်ရသည် ။ နောက် ... မေမေ့မောင်ဝမ်းကွဲ ဦးလေးသောင်း။ သူကလည်း အသက်ကြီးမှ သူ့ထက်ငယ်သည့်မိန်းမကို ယူလာသည် ။

သို့သော် ဦးလေးသောင်းကလည်း အရောင်းဆိုင်မှာ အားကိုးရသည်မို့ သူလက်လွှတ်ဖို့ မဖြစ်သဖြင့် သူတို့ လင်မယားကိုလည်း အိမ်မှာ လက်ခံထားရသည် ။

အိမ်မှာ အိမ်သား(၄)ယောက်ရှိပြီး အလုပ်သမားက (၂)ယောက်။ ဘယ်သူက သူ့ကိုလုပ်ကြံတာလဲ။ သူ ... ဒီအတိုင်းပဲ ပြန်သွားလျှင် ကိုယ့်ကိုလုပ်ကြံသူကို သိတော့မှာ မဟုတ်။

လုပ်ကြံသူတွေကလည်း သူ့ကို တစ်နည်းနည်းနှင့် အပြတ်ရှင်းဦးမှာ ။

အကောင်းဆုံးဖြစ်အောင် သူ ဘယ်လိုလုပ်ရမလဲ။ ရဲကိုတိုင်ရအောင်၊ တရားစွဲရအောင်လည်း သူ့ကို လုပ်ကြံတာ မည်သူမှန်းကိုမသိ။ မတွေးတတ်။ အမှုဖွင့်လို့ မရတာက ခက်သည် ။

နောက်ဆုံး သူ ရုပ်ဖျက်ပြီး ကိုယ့်ပတ်ဝန်းကျင်ကို ပြန်သွားဖို့ ၊ တရားခံရှာဖို့ ဆုံးဖြတ်ရသည် ။ အဲ ... ကျွဲကူးရေပါ သူသွားသည့်အခါ ဒီမောင်နှမကိုလည်း တစ်ခါတည်း ရအောင်ခေါ်သွားဖို့ ပြည့်လက်ရုံး ဆုံးဖြတ်လိုက်၏။

သူကောင်းကောင်း နေကောင်းအောင် ဆေးကု၊ ပြုစုစောင့်ရှောက်သည့် ကျေးဇူးထက် မြေကြီးထဲမှ ဖော်ထုတ်ပေး၊ ခေါင်းထဲမှ ထုတ်ပေးသည့်ကျေးဇူးကိုက အနန္တ။

သူ့မှာ အမေပေးသည့်အသက်မရှိတော့။ ဒီမောင်နှမပေးသည့် အသ

က်ပဲ ရှိတော့တာ အမှန်။

ပြီး ... သူနှင့်ကြာညိုဟာ ရှေးရေစက်၊ အကြောင်းတွေ၊ ပဋ္ဌာန်းဆက်တွေ ရှိမည်။ သူ ဒီလိုမဖြစ်ခင်ကတည်းက ကြာညိုသူ့ကို အတိအကျ အိပ်မက် မက်ခဲ့သည် မဟုတ်ပါလား။ အဝတ်အစားအရောင်ကအစ၊ လူပုံစံအဆုံး။

ဒီလိုအိပ်မက် မက်လို့ လည်း သူ့အသက်ကို ကယ်နိုင်တာ။

ကိုယ့်ဘဝဟာ ကြောက်မက်ဖွယ်ကောင်းလွန်းလှလို့ ရှေ့လျှောက်ရမည့်ခရီးအတွက် အကောင်းဆုံးအဖြေကို စဉ်းစားရင်းနှင့်ပင် သူ ကြာညိုတို့ အိမ်မှာ တစ်လခန့် ကြာသွားခဲ့ပါသည် ။

***